ညွန့်ဖူးစာပေ

# ပီတာပင် နှင့် အခြားပုံပြင်များ

မောင်ခေတ်ထွန်း



# ကခုန်နေသော မင်းသမီးလေး ၁၂ ပါး

တစ်ခါက တိုင်းပြည်တစ်ပြည်မှာ အလွန်ချောမောလှပတဲ့ မင်းသမီးကလေး ၁၂ ပါးရှိလေသည် ။ တချို့က ဆံပင်ရှည်ရှည်ထားပြီး တချို့က ဆံပင်တိုတို ထားကြတယ်။ သူတို့ အားလုံး စိတ်ဓာတ်ခိုင်ကြည် ရဲရင့်ကြတယ်။

သူတို့ ဖခင် ဘုရင်ကြီးဟာ မျက်နှာအောက်သိုးသိုး အဘိုးကြီးဖြစ်တယ်။ အမြဲတမ်း မျက်နှာရှုတေ တေဖြစ်ပြီး ရယ်မောခြင်းမရှိဘူးတဲ့ ။ ဘုရင်ကြီးဟာ သူ့သမီးတော်တွေကိုလည်း ဆိတ်ဆိတ်ငြိမ်ငြိမ် ထိုင် နေတာကိုပဲ သဘောကျတယ်။ လှုပ်လှုပ်ရှားရှားနေတာကိုလည်း မကြိုက်ဘူးတဲ့ ။

မင်းသမီးကလေး ၁၂ပါးဟာ အက,အခုန်ကို ဝါသနာပါတယ်။ သူတို့ အချင်းချင်း ဘယ်သူက,တာ အတော်ဆုံးလဲဆိုတာ ငြင်းခုံလေ့ရှိကြတယ် ။ ဒါကိုလည်း ဖခင်ဘုရင်ကြီးက မကြားချင်ဘူး ဖြစ်နေတယ်။ ဒါကြောင့် မင်းသမီးကလေး ၁၂ပါးဟာ ဖခင်ကြီးမမြင်ကွယ်ရာမှာ ကကြ၊ ခုန်ကြတယ်။



မင်းသမီးကလေး ၁၂ ပါးဟာ နန်းတော်ရဲတိုက်မျှော်စင်ကြီးရဲ့ အပေါ်ဆုံးထိပ်က အဆောင်ထဲမှာ ခုတင်ကိုယ်စီနဲ့ အိပ်စက်ကြတယ်။

ဘုရင်ကြီးက ညစဉ်ညတိုင်း မျှော်စင်ကြီးရဲ့ ဂိတ်တံခါးကို သော့ပိတ်ခတ်လေ့ရှိတဲ့ အတွက် မင်းသမီးကလေးတွေဟာ အခန်းထဲက ထွက်လို့ မရ ဖြစ်နေကြတယ်။

တစ်နေ့မနက်မှာ တော့ အခန်းတံခါးဟာ ပွင့်နေပြီး မင်းသမီးကလေး ၁၂ပါးဟာ အိပ်နေတုန်း ပဲတဲ့ ။ မင်းသမီးကလေးတွေရဲ့ အထိန်းတော်အမျိုးသမီးကြီးက မင်းသမီးကလေးတွေကို လာနှိုးတဲ့ အခါ မင်းသမီးကလေးတွေရဲ့ ဖိနပ်တွေဟာ ကြမ်းပြင်ပေါ်မှာ စိုစိုစွတ်စွတ်နဲ့ စုပုံ

ထားရှိတာကို တွေ့ရပြီး ဖိနပ် တွေဟာလည်း စုတ်ပြတ်နေတာတွေ့ရတယ်။

အထိန်းတော်ကြီးက မင်းသမီးကလေးတွေရဲ့ ဖိနပ်တွေ စုတ်ပြဲနေတဲ့ အကြောင်း ဘုရင်ကြီးကို လျှောက်တင်တဲ့ အခါ ဘုရင်ကြီးဟာ ဒေါသထွက်သွားပြီး -

"သမီးတော်တွေ ကခုန်ကြလို့ သာ ဖိနပ်တွေ ပြဲစုတ်ကုန်တာ ဖြစ်တယ်။ သမီးတော်တွေကို သွားခေါ်စမ်း"လို့ မိန့်တော်မူလိုက်တယ်။

"နင်တို့ ညအိပ်ချိန်မှာ မအိပ်ဘဲ ဘာလို့ အပြင်ထွက်ကခုန်ကြတာလဲ ။ နောက် ဒါမျိုးမလုပ်နဲ့ ။ ဒါ နောက်ဆုံးအကြိမ်ပဲ။ ကြပ်ကြပ်သတိထားကြ။ ကိုယ့်ကိုယ်ကိုယ် ရှက်ရကောင်းမှန်းမသိကြဘူး"လို့ ဘုရင်ကြီးက သူ့သမီးတော်တွေကို ဆူပူလေတယ်။

မင်းသမီးကလေးတွေက ကခုန်တာ ရှက်စရာ မဟုတ်ဘူး လို့ ယုံကြည်ကြတယ်။ သူတို့ ဟာ အခန်း ပိတ်ထားတာကိုဖွင့်ပြီး ဘယ်နေရာမှာ ကခုန်ကြတယ်ဆိုတာကိုတော့ သူတို့ ဖခမည်းတော်ကို မပြောလိုက် ကြဘူးတဲ့ ။

နောက်နေ့မှာ လည်း မင်းသမီးကလေး ၁၂ ပါးဟာ အခန်းအပြင်ထွက်ပြီး ကခုန်ကြတာ ခုနစ်ည တိုင်အောင်ပဲတဲ့ ။ ဘုရင်ကြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။

နောက်ဆုံးမှာ ဘုရင်ကြီးဟာ အကြံတစ်ခု ရသွားတယ်။

ဘုရင်ကြီးက သူ့သမီးတော်တွေ ညဘက်ထွက်ထွက်ပြီး ဘယ်နေရာမှာ ကခုန်ကြတယ်ဆိုတာကို ပြောနိုင်တဲ့ သူကို ကြိုက်နှစ်သက်တဲ့ သမီးတော်တစ်ပါးပါးနဲ့ လက်ဆက်ပေးမယ်ဆိုတဲ့ အမိန့်တော်ကို ချမှတ်ပြီး ပို

စတာတွေကို နိုင်ငံအနှံ့ချိတ်ပြီး ကြေညာစေတယ်။

ဘုရင်ကြီးထံ ပထမဆုံးရောက်လာသူကတော့ မင်းသားလေး'မာကူးရပ်'ဖြစ်ပြီး သူက ရဲရင့်တဲ့ သူဖြစ်တယ်။

ဘုရင်ကြီးက မင်းသားလေး'မာကူးရပ်'ကို -

"သင်မင်းသား ... ကျွန်ုပ်သမီးတော်တွေ ဘယ်နေရာမှာ ကခုန်ကြတယ်ဆိုတာကို မပြောနိုင်ရင် တော့ သင့်ခေါင်းကို ဖြတ်ရလိမ့်မယ်။ သင်လုပ်နိုင်ရဲ့ လား"လို့ မေးတော်မူတယ်။

မင်းသားလေးက "ကျွန်တော်မျိုး စွမ်းဆောင်နိုင်ပါတယ်"လို့ ပြန်လည်လျှောက်တင်တယ်။

အဲဒီညမှာ ဘုရင့်အမှုထမ်းတွေက မင်းသားလေး'မာကူးရပ်'ကို မျှော်စင်ထိပ်ပေါ် ခေါ်သွားပြီး မင်းသမီးကလေးတွေရဲ့ အဆောင်ကပ်ရက် အခန်းထဲမှာ နေစေတယ်။ မင်းသမီးကလေးတွေက မင်းသား လေးကို ကောင်းမွန်စွာ ဧည့်ခံကြတယ်။ မင်းသမီးကလေးတစ်ပါးက မင်းသားလေးထံ ကော်ဖီပူပူတစ် ခွက် လာပို့တယ်။

မင်းသားလေးဟာ ကော်ဖီကို သောက်လိုက်တဲ့ အခါ မျက်လုံးစင်းပြီး အိပ်ချင်လာတယ်။ သူဟာ မအိပ်ချင်အောင် မျက်နှာကို ရေနဲ့ သစ်ပေမယ့် အိပ်ချင်စိတ်မပျောက်ဘဲ မကြာခင် လုံးဝအိပ်ပျော်သွားကာ ဟောက်လို့ ပင် နေလေသည် ။

နောက်နေ့မနက်မှာ တော့ မင်းသမီးကလေး ၁၂ ပါးရဲ့ ဖိနပ်တွေစုတ်ပြဲနေတာ တွေ့ရတယ်။ မင်းသားလေး'မာကူးရပ်'ရှုံးသွားပြီဖြစ်လို့ သေဒဏ်ပေးခံရတယ်။

အဲဒီနောက်ပိုင်း မင်းသားလေးတွေနဲ့ သူရဲကောင်းတွေဟာ မင်းသမီး

ကလေးတွေရဲ့ ချုံမြတဲ့ အပြိုး တွေအောက်မှာ လှည့်ဖြားခံကြရပြီး မင်းသမီးကလေးတွေတိုက်ကျွေးတဲ့ ကော်ဖီကိုသောက်ကာ အိပ်ပျော်သွားကြတဲ့ အတွက် မင်းသမီးကလေးတွေ ဘယ်နေရာမှာ ကခုန်ကြတယ်ဆိုတာ သိမသွားကြဘဲ ဘုရင် ကြီးရဲ့ သေဒဏ်ပေးခြင်းကို ခံကြရတယ်။

တစ်နေ့မှာ တော့ မျက်လှည့်ပညာရှင်'ရဲ့ ဟဲ'နှင့် သူ့ရဲ့ ခွေးကလေး'ရက်စ်ကယ်'တို့ ဟာ ရဲတိုက် အနီးမှ ဖြတ်သွားကြတယ်။

ရဲ့ ဟဲက သစ်ပင်မှာ ကပ်ထားတဲ့ ဘုရင့်ကြေညာချက်ကို ဖတ်မိသွားပြီး -

"ရက်စ်ကယ်ရေ ... ဒီကြေညာချက်ကို ငါစိတ်ဝင်စားသွားပြီ။ မင်းသမီးကလေးတွေ ကခုန်တဲ့ နေ ရာကို ငါရှာမယ်"လို့ ဆိုကာ ဘုရင်ကြီးဆီလာခဲ့ကြလေတယ်။

ဘုရင်ကြီးက ရဲ့ ဟဲကိုတွေ့တော့ ပထမမှာ ရဲ့ ဟဲကို မယုံကြည်သလိုဖြစ်နေတယ်။ အထင်လည်း သေးနေမိတယ်။ ဒါပေမဲ့ သူ့သမီးတော်တွေ ကခုန်တဲ့ နေရာကို ဘယ်သူမှမသိကြတာမို့ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ အချိန်မှာ ကြိုးစားမယ့်သူပေါ်လာလို့ ဘာပဲဖြစ်ဖြစ် အဖြေပေါ်လာလို ပေါ်လာငြား ရဲ့ ဟဲကို ကြိုးစားခွင့်ပြုလိုက်တယ်။ နောက်ပြီး ရဲ့ ဟဲကိုလည်း "သင် ငါ့သမီးတော်တွေ ကခုန်တဲ့ နေရာမှန်ကို မပြောနိုင်ရင်တော့ သေဒဏ်ခံရမှာ နော်၊ စဉ်းစားဦး"လို့ မိန့်တော်မူတယ်။

မျက်လှည့်ဆရာလေး ရဲ့ ဟဲကလည်း -

"ကျွန်တော်မျိုး အောင်မြင်ရပါစေ့မယ်"လို့ လျှောက်တင်တယ်။

ဒီလိုနဲ့ ညအချိန်ရောက်လာတဲ့ အခါ ရဲ့ ဟဲကို မင်းသမီးကလေးတွေ

ရဲ့ အဆောင်ရဲ့ ဘေးအခန်းမှာ နေစေတယ်။

အငယ်ဆုံး အထွေးလေး မင်းသမီးကလေး‘အမီ’က-

"အစ်မတို့ ရေ ... အခု ရောက်လာတဲ့ သူကလေးက စိတ်ကောင်း၊ သဘောကောင်းမယ့်ပုံပဲ။ ကျွန်မ တို့ ကြောင့် သူ့ကို မသေစေလိုဘူး။ ဒါကြောင့် ဒီည အပြင်ကိုမထွက်ကြရင် ကောင်းမယ်"လို့ တိုးတိုးကလေး ပြောကြားလေတယ်။

သူ့ရဲ့ အစ်မတော်တွေက ညီမထွေးလေးရဲ့ စကားကို လျစ်လျူရှုကာ အလေးမထားကြချေ။

မိနစ်အနည်းငယ်အကြာမှာ အကြီးဆုံးမင်းသမီးကလေး အန်းနာဘဲလ်က ရဲ့ ဟဲအခန်းကို ရောက် လာပြီး ကော်ဖီလာပို့တယ်။ ရဲ့ ဟဲက ဉာဏ်အမြော်အမြင် ရှိတဲ့ သူမို့ ကော်ဖီခွက်ထဲ အိပ်ဆေးထည့်ထားမှန်း သိရှိလိုက်တယ်။

ဒါကြောင့် သူဟာ ကော်ဖီကို သောက်ချင်ယောင်ဆောင်ပြီး အန်းနာဘဲလ်ကွယ်ရာမှာ ကော်ဖီကို သူ့ခွေးလေး ရက်စ်ကယ်ရဲ့ စားခွက်ထဲ သွန်ထည့်လိုက်တယ်။ ခွေးကလေးက ကော်ဖီကို အားရပါးရ သောက်လိုက်တယ်။

အဲဒီနောက် ရဲ့ ဟဲက အိပ်ချင်တဲ့ အနေနဲ့ သမ်းဝေယောင်ဆောင်ကာ ခုတင်ပေါ်လှဲချပြီး အကြီးအ ကျယ်ဟောက်ကာ အိပ်ပျော်ဟန် ပြု လိုက်လေတယ်။

အန်းနာဘဲလ်လည်း သူ့ညီမတွေကို -

"သူတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီ။ ကဲ ... စကြရအောင်" လို့ ဆိုကာ မင်းသမီးကလေး တွေဟာ အရောင်တောက်လက်နေတဲ့ က

ပွဲဝတ်စုံတွေနဲ့ ဖိနပ်သစ်တွေကို ဝတ်ဆင်လိုက်ကြတယ်။ မင်းသမီးက လေးတွေဟာ သက်တံရောင်လိုပဲ အရောင်တွေ တောက်လဲ့နေကြတယ်။

သူတို့ ဟာ ဝတ်စုံရဲ့ နောက်ဆုံးကြယ်သီးကိုတပ်၊ နောက်ဆုံးဖဲပြား ကို ချည်ပြီးတဲ့ အခါ သူတို့ အိပ် ရာဘေးနားမှာ အသင့်ရပ်နေလိုက်ကြ တယ်။ အဲဒီနောက် အကြီးဆုံးသမီးတော် အန်းနာဘဲလ်က အခန်း ထော င့်မှာ ခင်းထားတဲ့ ဖုံအလိမ်းလိမ်းကပ်နေတဲ့ ကော်ဇောကြီးကို ဆွဲဖယ်လို က်တယ်။ အဲဒီအခါ လျှို့ဝှက် တံခါးတစ်ခု ပေါ်လာတယ်။ အကြီးဆုံးမင်း သမီးကလေးက တံခါးကို မ,လိုက်တဲ့ အခါ တကျွိကျွိနဲ့ ပတ္တာ မြည်သံ ထွက်သွားတယ်။ မင်းသမီးကလေးတွေဟာ တစ်ယောက်ပြီးတစ်ယော က် လှေကားအတိုင်း မှောင်မည်းနေတဲ့ လိုဏ်ခေါင်းကြီးအတွင်း ဆင်း သွားကြတယ်။

မင်းသမီးကလေးတွေအားလုံး မြင်ကွင်းက ပျောက်ကွယ်သွားတဲ့ အ ခါ ရဲ့ ဟဲလည်း မင်းသမီးက လေးတွေရဲ့ အခန်းတွင်း အမြန်ဝင်လာခဲ့တ ယ်။

အဲဒီနောက် ရဲ့ ဟဲက လက်တစ်ဖျစ်တီးလိုက်တဲ့ အခါ ဝတ်ရုံတစ်ထ ည် ရောက်ရှိလာတယ်။ သူဟာ ဝတ်ရုံကို ခြုံလိုက်ပြီး လက်တစ်ဖျစ်တီး လိုက်တဲ့ အခါ သူ့ကိုယ်လုံးပျောက်သွားတယ်။ ရဲ့ ဟဲဟာ ခြေဖျား ထော က်ကာ လိုဏ်ခေါင်းထဲ ဂရုတစိုက်ဆင်းလာခဲ့တယ်။

သူဟာ မင်းသမီးကလေးတွေမီဖို့ အချိန်သိပ်မပေးလိုက်ရဘဲ ခဏက လေးအတွင်းမှာ ပဲ မင်းသမီး ကလေးတွေကို မီလာခဲ့တယ်။

ရဲ့ ဟဲဟာ သူတို့ နောက်က အသံမကြားအောင် တိတ်တိတ်ဆိတ်ဆိ တ် လိုက်ပါလာခဲ့တယ်။ တစ် ကြိမ်တော့ သူဟာ အထွေးဆုံးမင်းသမီးက လေးရဲ့ ဝတ်စုံကို တက်နင်းမိသွားတယ်။ မင်းသမီးကလေးက နောက်

ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ တော့ ဘယ်သူ့ကိုမှ မတွေ့ရလို့ ဆက် လျှောက်သွားတယ်။

သိပ်မကြာခင်မှာ ရဲ့ ဟဲဟာ သစ်ကိုင်းကျိုးတစ်ခုကို တက်နင်းမိသွား လို့ သူ့နောက်ကို တစ်ယောက် ယောက်လိုက်လာမှန်း ရိပ်မိသိရှိသွားတ ယ်။ အထွေးဆုံးမင်းသမီးကလေးက သူ့နောက်သို့ တစ်ယောက် ယောက် လိုက်လာနေတယ်လို့ ပြောပေမယ့် သူ့အစ်မတော်တွေက သူ့စကားကို မ ယုံကြဘူး။ တခြားအသံ တစ်သံသာ ဖြစ်ရမယ်လို့ ပြောကြတယ်။

လိုဏ်ဂူအဆုံးရောက်တဲ့ အခါမှာ တော့ အံ့ဩဖွယ် သစ်ပင်တန်းတွေ ကို တွေ့ရတယ်။ တချို့သစ်ပင် တွေဟာ ငွေရောင်တဖျပ်ဖျပ် လဲ့နေကြ တယ်။ တချို့သစ်ပင်တွေကတော့ ရွှေရောင်တောက်နေပြီး၊ တချို့က စိန် ရောင်တောက်လဲ့နေကြတယ်။

ရဲ့ ဟဲဟာ ဒီလိုသစ်ပင်မျိုး တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးလို့ အ တော်ကလေး အံ့ဩနေတယ်။ မင်းသမီးကလေးတွေ ဆက်သွားနေတုန်း မှာ ရဲ့ ဟဲဟာ နောက်ချန်နေခဲ့ပြီး သစ်ပင်တစ်ပင်ဆီက သစ်ခက် တစ်ခ က်စီကို ချိုးယူလိုက်တယ်။

မင်းသမီးကလေးတွေဟာ ရှေ့ဆက်သွားရာကနေ ရေကန်အနီးမှာ ရပ်လိုက်ကြတယ်။ ရေကန်ရဲ့ အလယ် တောင်ပေါ်မှာ လှပတဲ့ နန်းတော်ကြီးကိုလည်း တွေ့ရတယ်။

ရေစပ်မှာ လှေ ၁၂ စင်းက ရှိနေပြီး လှေတစ်စင်းစီပေါ်မှာ လည်း ချောမောလှပတဲ့ မင်းသားလေး ၁၂ပါးက ထိုင်နေကြတယ်။ မင်းသား လေး ၁၂ပါးက မင်းသမီးကလေး ၁၂ပါးကို လှေပေါ်တင်ပြီး ရေကန် ကြီးကိုဖြတ်ကာ လှော်ခတ်သွားကြတယ်။

ရဲ့ ဟဲဟာ အထွေးဆုံးမင်းသမီးကလေးကို ခေါ်ဆောင်သွားတဲ့ လှေ

ထဲမှာ တိတ်တဆိတ်လိုက်ပါခဲ့ တယ်။ ရေကန်ရဲ့ တစ်ဖက်ကမ်းကို ရောက်တဲ့ အခါ တီးဝိုင်းအဖွဲ့က စတင်တီးမှုတ်ကြလေတယ်။

မင်းသမီးလေး ၁၂ပါးဟာ သူတို့ ခြေထောက်တွေ ပွန်းပဲ့နာကျင်တဲ့ အထိ စီးချက်နဲ့ အတူ အဆက် မပြတ် ကခုန်ကြလေတယ်။ သူတို့ ဖိနပ်တွေလည်း ပေါက်ပြဲစုတ်ပြတ်ကုန်ကြတယ်။

ဒီလိုနဲ့ နံနက်မိုးသောက် နေထွက်ပြုလာတဲ့ အခါ မင်းသမီးကလေးတွေဟာ ခြေထောက်ထော့နင်း ထော့နင်းနဲ့ သူတို့ အိမ်သို့ ပြန်လာကြတယ်။

"ငါတို့ ကခုန်တဲ့ ညတွေဟာ အခုတိုင် လုံခြုံစိတ်ချနေတယ်။ ဟိုကောင် ရဲ့ ဟဲကတော့ ဘာမျှသိလှ မှာ မဟုတ်ဘူး "လို့ အကြီးဆုံးမင်းသမီးကလေး အန်းနာဘဲလ်က သမ်းဝေပြီး ပြောလိုက်တယ်။ အထွေး ဆုံးမင်းသမီးကလေး ကြည့်ရတာ စိတ်အနှောင့်အယှက်ဖြစ်နေပုံ ပေါ်နေတယ်။

ဘုရင်ကြီး မနက်စာစားပြီးတဲ့ အချိန်မှာ ရဲ့ ဟဲက ဘုရင်ကြီးရှေ့မှောက်သို့ ရောက်ရှိ လာပြီး -

"ဘုန်းတော်ကြီးမြတ်သော အရှင်မင်းမြတ်၊ မင်္ဂလာနံနက်ခင်းပါ"လို့ နှုတ်ဆက်ဂါရဝပြုလိုက် တယ်။

ဘုရင်ကြီးက ရဲ့ ဟဲအား -

"ငါကိုယ်တော်မြတ်ဆီ အသင်ရှုံးနိမ့်သွားပြီဆိုတာကို ပြောဖို့ လာတာ မဟုတ်လား"လို့ မိန့်ဆို လေတယ်။

အဲဒီအခါ ရဲ့ ဟဲက -

"ကျွန်တော်မျိုး မရှုံးပါဘူး။ အရှင်မင်းတရား သိချင်တဲ့ အဖြေကို သိ

ပါပြီဘုရား"လို့ ဆိုပြီး သစ်ပင် တွေဆီက ချိုးယူလာခဲ့တဲ့ သစ်ခက်တွေကို ပြလိုက်ကာ မင်းသမီးကလေးတွေနှင့် ပတ်သက်ပြီး သူမြင်တွေ့ ခဲ့သမျှကို လျှောက်တင်လေတယ်။

ရဲ့ ဟဲရဲ့ လျှောက်တင်ချက်ကို ကြားပြီးတဲ့ အခါ ဘုရင်ကြီးက "သင်လျှောက်တင်တာ သေချာလို့ လား။ သင့်ခေါင်းဖြတ်ခံရမှာ စိုးလို့ လိမ်လည်လျှောက်တင်တာလား။ မဟုတ်လို့ တော့ သင့်ခေါင်းပြတ်ပြီ သာမှတ်" လို့ မိန့်ကြားလေတယ်။

အဲဒီနောက်ဘုရင်ကြီးက သမီးအကြီးဆုံး'အန်းနာဘဲလ်'ကိုခေါ်တွေ့တယ်။ အန်းနာဘဲလ်ဟာ ဘုရင်ကြီးရဲ့ လက်ထဲမှာ သစ်ခက်တွေကိုတွေ့တဲ့ အခါ အတော်ကလေး တုန်လှုပ်ချောက်ချားသွားတယ်။ ဘုရင်ကြီးက သူ့သမီးမျက်နှာကို တစ်ချက်ကြည့်လိုက်တာနဲ့ မင်းသမီးအန်းနာဘဲလ် လည်း အမှန်အတိုင်း ဖြစ်ကြောင်းကုန်စင် ပြောပြလေတော့တယ်။

ဘုရင်ကြီးလည်း အတော်စိတ်ဆိုးသွားပြီး "ဒီနေ့ကစပြီး ကခုန်ခြင်း မပြုရ"လို့ အမိန့်တော်ချမှတ် လိုက်လေတယ်။

မင်းသမီးကလေးတွေလည်း သူတို့ ရဲ့ လျှို့ဝှက်ချက်ပေါ်သွားပြီမို့ ဝမ်းနည်းကာ ငိုကြွေးကြလေ တယ်။

"ငါတို့ ဘာလုပ်ကြမလဲ။ မကခုန်ရဘူးဆိုရင် ဘဝဟာ ငြီးငွေ့စရာပဲ" လို့ ဆိုကြလေတယ်။ သူတို့ ဟာ ဘာမျှလုပ်စရာမရှိဘဲ ဖြစ်နေကြတယ်။

ဘုရင်ကြီးလည်း သူ့အမိန့်တော်တိုင်း ရဲ့ ဟဲကို သူ့သမီးတော်ထဲက ကြိုက်နှစ်သက်တဲ့ သမီးတော် တစ်ပါးပါးကို လက်ထပ်ခွင့်ပြု လိုက်လေတယ်။ ရဲ့ ဟဲက"အရှင်မင်းကြီး၊ ကျွန်တော်မျိုး အရှင်မင်းကြီးရဲ့ သမီးထွေး အမီကို လက်ဆက်ချင်ပါတယ်။ သူသာ ကျွန်တော်မျိုးနဲ့ လက်ထပ်ရင် အပျော်ရွှင်ဆုံးဖြစ်မှာ အမှန်ပါပဲ"လို့ လျှောက်တင်လေတယ်။

ဒီလိုနဲ့ မကြာမီ ရဲ့ ဟဲနဲ့ မင်းသမီးကလေး အမိတို့ ရဲ့ လက်ထပ်ပွဲမင်္ဂလာကို ပျော်ရွှင်စွာ ဆင်ယင် ကျင်းပခဲ့လေတယ်။

အဲဒီနောက် ဘုရင်ကြီးဟာ သူ့သမီးတော်တွေကို အကခန်းမဆီ ဦးဆောင်ခေါ်သွားတယ်။ ခန်းမ ကြမ်းပြင်ပေါ်မှာ ဖယောင်းတိုင် ရာပေါင်းများ စွာကို ထွန်းညှိထားပြီး အခန်းထောင့်မှာ တီးဝိုင်းအဖွဲ့က တေးသီချင်းတွေ တီးမှုတ်နေကြတယ်။

ဘုရင်ကြီးက"ဒီမင်္ဂလာပွဲက ထူးခြားတဲ့ မင်္ဂလာပွဲကြီးဖြစ်တယ်။ ဒါကြောင့် အားလုံးက ကခုန် နိုင်ကြတယ်။ ဒါပေမဲ့ ဒီနေ့တစ်ညသာ ကခုန်ခွင့်ရမယ်"လို့ ကြေညာလိုက်ရာ ပရိသတ်တို့ ဟာ ဝမ်းသာသွားကြပြီး အားလုံးဟာ တစ်ညလုံး ပျော်ရွှင်စွာ ကခုန်ကြလေတော့တယ်။ ။

[The Twelve Dancing Princess, Retold by Emma Helbrongh ]

***

# ကြောင်နှင့် မြေခွေး
## (အီစွပ်ပုံပြင်)

တစ်နေ့တွင် မြေခွေးဟာ တောထဲသို့ လျှောက်လှမ်းလာစဉ် ကြောင်တစ်ကောင်နှင့် တွေ့ဆုံလေ တယ်။ အဲဒီအခါ မြေခွေးက ကြောင်ကို -

"သင့်မှာ ကျွမ်းကျင်လိမ္မာတဲ့ ဘယ်နှနည်းရှိသလဲ"လို့ မေးလိုက်တယ်။

ကြောင်က "တစ်ခု၊ နှစ်ခုလောက်ပဲ ရှိပါတယ်"လို့ ပြန်ပြောတယ်။


"တစ်ခု၊ နှစ်ခု ဟုတ်လား။ သိပ်နည်းတာပေါ့"

"မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီတစ်ခုက သိပ်ကောင်းတဲ့ နည်းပါပဲ။ သင်ကော ဘယ်နှနည်းလောက် သိပါသလဲ"

မြေခွေးက "နည်းပေါင်းတစ်ထောင်လောက် သိတယ်။ တောခွေးတွေကို လှည့်စားဖို့ နည်းတစ် ထောင်လောက်ကို သိတယ်"လို့ ဂုဏ်ဝင့်စွာ ပြောဆိုလေတယ်။

"အခုနေ တောခွေးတွေလာရင် သင်ဘာလုပ်မလဲ"လို့ မြေခွေးက ကြောင်ကို မေးလိုက်တယ်။

"ကျွန်ုပ်မှာ တောခွေးရန်က လွတ်အောင်ကာကွယ်နည်းတစ်နည်းကိုသာ ကျွမ်းကျင်သိနားလည် ပါတယ်"



"သနားလိုက်ပါဘိ ကိုကြောင်ရယ်။ တောခွေးလာရင် ရှောင်ဖို့ သင့်ကိုပညာတွေ သင်ပေးဦးမယ်"

အဲဒီအချိန်မှာ ခွေးဟောင်သံတွေ ကြားရတယ်။ ကြောင်က -

"နားထောင်စမ်းပါ။ ကျွန်ုပ် ခွေးဟောင်သံတွေကြားတယ်။ တောခွေးတွေလာနေပါပြီ။ ခွေးရန်က ရှောင်ဖို့ သင့်ကို ကျွန်ုပ်သိတဲ့ တစ်ခုတည်းသောနည်းကို လက်တွေ့ပြမယ်"လို့ ဆိုကာ ကြောင်ဟာ သစ်ပင် တစ်ပင်ပေါ်သို့ လျင်လျင်မြန်မြန် ခုန်တက်ပြေးသွားလေတယ်။

မကြာမီ သစ်ပင်အောက်သို့ ခွေးတွေရောက် လာပြီး သစ်ပင်ပေါ်က ကြောင်ကို ဝိုင်းဟောင်ကြလေ တယ်။

ဒါပေမဲ့ ခွေးတွေဟာ သစ်ပင်ပေါ်သို့ လိုက်မတက်နိုင်ကြပေ။

ကြောင်က မြေခွေးကို -

"ကဲ ... ကျွန်ုပ် ရန်ရှောင်တဲ့ နည်းကို သိပြီမဟုတ်လား"လို့ ပြောလိုက်တယ်။

မြေခွေးဟာ နည်းပညာပေါင်းများ စွာ သိထားပေမယ့် တောခွေးရန် ကလွတ်တဲ့ နည်းကို မသိထား လေတော့ တောခွေးတွေက သူ့ကိုဝိုင်းဝန်းကိုက်ခဲ ဆုတ်ဖြဲလိုက်ကြလေတော့တယ်။

[တစ်ခုကောင်းဟာ အကောင်းဆုံးဖြစ်ပါတယ်]

[Aesop’s Fables for Young Readers စာအုပ်မှ The Cat and The Fox]

***